**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သောသတင်းလွှာ ( ၄ /၂၀၀၇ )**

ရက်စွဲ၊ ၂၀၀၇ ခုနှစ်စက်တင်ဘာလ ( ၇ )ရက်။

အကြောင်းအရာ။ **အာဆီယံတွင် သဘောတူညီပြီးဖြစ်သည့် ဦးစားပေးကဏ္ဍ(၁၁)ရပ်ပါ သီးသန့် စည်းမျဉ်း ကျင့်သုံးမည့် ကုန်စည်အမယ် (၁၄၅၃)မျိုးကို သတင်းလွှာ ထုတ်ပြန်ခြင်း။**

၁။ အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ ဖော်ဆောင်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန် တင်သွင်းသော ကုန်စည်များအတွက် အကောက်ခွန် လျှော့ပေါ့ခံစားခွင့်နှင့် အကျုံးဝင်မှုရှိမရှိကို အာဆီယံ ပင်ရင်းနိုင်ငံ စည်းမျဉ်းဖြင့် စိစစ်ဆုံးဖြတ်ပါသည်။

၂။ ယင်းအာဆီယံ ပင်ရင်းနိုင်ငံစည်းမျဉ်းတွင် အဓိကကျင့်သုံးသော ယေဘုယျစည်းမျဉ်း (General Rule) သည် ပြည်တွင်း ထုတ်လုပ်မှုတန်ဖိုး (Regional Value Content-RVC) အနည်းဆုံး ၄၀% ပါဝင်ရမည်ဟူသော စည်းမျဉ်း ဖြစ်ပြီး အာဆီယံတွင် ဂျုံမှုန့်၊ အဝတ် အထည်၊ အလူမီနီယမ်၊ သစ် အခြေခံ ပစ္စည်းနှင့် သံနှင့်သံမဏိပစ္စည်းများ အတွက် အမယ်သစ်ပြောင်းစည်းမျဉ်း (Substantial Transformation Rules) များ သတ်မှတ်ကျင့်သုံးလျှက် ရှိပါသည်။

၃။ ယခုအခါ အာဆီယံသည် ၄၀% ယေဘုယျပင်ရင်းနိုင်ငံစည်းမျဉ်းသည် ကုန်ပစ္စည်းအားလုံးအတွက် မကိုက်ညီ နိုင်ခြင်း ကြောင့်လည်းကောင်း၊ အာဆီယံနိုင်ငံများအတွင်း ပိုမိုလွယ်ကူသော ပင်ရင်းနိုင်ငံစည်းမျဉ်းကို ကျင့်သုံးခြင်းဖြင့် အာဆီယံနိုင်ငံများ အချင်းချင်း ကုန်သွယ်မှုမြှင့်တင်ရန် ရည်ရွယ်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အသုံးပြုလျှက်ရှိသော ၂၀၀၃ ခုနှစ် ကုန်စည်စာရင်းအရ ကုန်စည်အမယ် ပေါင်း (၅၂၂၄)မျိုးရှိရာ ဦးစားပေး စီးပွားရေးကဏ္ဍ (၁၁) ရပ်တွင် ပါဝင်သောကုန်စည် (၂၀၁၂) မျိုးအနက် (၁၄၅၃)မျိုးအား သီးသန့်စည်းမျဉ်း (Product Specific Rule) ကျင့်သုံးရန် ၂၀၀၆ ခုနှစ်အတွင်း အကြိမ်ကြိမ်ညှိနှိုင်း၍ သဘောတူညီပြီး ဖြစ်ပါ သည်။

၄။ အဆိုပါ ကုန်စည်အမယ်ပေါင်း (၁၄၅၃) မျိုးကို အက်ဖ်တာကောင်စီ (AFTA Council) အဆင့် တွင်လည်း အာဆီယံစီးပွားရေးဝန်ကြီးများမှ အတည်ပြုလက်မှတ်ရေးထိုးပြီး ဖြစ်ပါသည်။

၅။ အဆိုပါသီးသန့်စည်းမျဉ်းကိုကျင့်သုံးခြင်းဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ တင်ပို့မည့် ကုန်စည် အလိုက် သတ်မှတ်ထားသည့် ပင်ရင်းမှတ်ကျောက် (Origin Criteria) နှင့် ကိုက်ညီမှုရှိပါက ပင်ရင်းနိုင်ငံ ထုတ်ကုန်အဖြစ် အကောက်ခွန်လျှော့ပေါ့ခံစားခွင့်အကျိုးကျေးဇူး ရရှိမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် မြန်မာ့ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ အနေဖြင့် အခွင့်အရေးကို အကျိုးရှိစွာ အသုံးချပြီး အာဆီယံနိုင်ငံများသို့ ပို့ကုန်များ တိုးမြှင့်တင်ပို့နိုင်ရန် အသိပေး ကြေငြာ အပ်ပါသည်။

(မှတ်ချက်။ ။ကုန်ပစ္စည်း -၁၄၅၃ မျိုးစာရင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန website ဖြစ်သော http://www.commerce.gov.mm တွင် ဖော်ပြထားပါသည်။)

ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန